**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ( ၁၂ /၂၀၁၃)**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ **စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ် (Certificate of Product Registration) ကို ကြိုတင်လျှောက်ထားရန် သတင်းလွှာ ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တစ်ဖက်သတ်အကောက်ခွန်သက်သာ/ ကင်းလွတ်ခွင့် အစီအစဉ်များနှင့် မြန်မာနိုင်ငံပါဝင် အကောင်အထည်ဖော်ဆောင်လျက်ရှိသော လွတ်လပ်သောကုန်သွယ်မှုဒေသများ ဆိုင်ရာ အကောက်ခွန်သက်သာခွင့်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များအားလုံးကို ခွင့်ပြုထုတ်ပေးလျက်ရှိပြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာ အကောက်ခွန်သက်သာခွင့်ရှိသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာ့ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်လျှောက်ထားရာတွင် စက်ရုံ၊အလုပ်ရုံထုတ်ကုန်ပစ္စည်းများ ဖြစ်ပါက အဆိုပါပစ္စည်းများသည် ပင်ရင်းနိုင်ငံထွက်ကုန်ဖြစ်ကြောင်း စစ်ဆေးခံနိုင်ရန်အတွက် လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် (Cost Sheet) စစ်ဆေးခြင်း၊ ထောက်ခံခြင်းကိစ္စရပ်များကို စက်မှုဝန်ကြီးဌာန၊ Cost Sheet စိစစ်ပေးရေးနှင့် ထောက်ခံချက်ပေးရေးအဖွဲ့မှ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ စက်မှုထုတ်ကုန်ပစ္စည်း တစ်ယူနစ်တိုင်းအတွက် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ် (Certificate of Product Registration) ကို လျှောက်ထားရန် လိုအပ်ပြီး၊ သက်တမ်းကို စတင်ထုတ်ပေးသည့်နေ့မှစတင်၍ တစ်နှစ်သတ်မှတ်ပါသည်။ စက်မှုထုတ်ကုန်များအတွက် သက်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားရာတွင် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်ကို တင်ပြရန် လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခြင်းမပြုမီ ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်ကို (၁-၁-၂၀၁၄) ရက်နေ့မှစတင်၍ ရယူလျှောက်ထားရန်နှင့် လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ပူးတွဲပါအတိုင်း သတ်မှတ်လိုက်ကြောင်း ကြေငြာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

(ပူးတွဲ)

## လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

**လျှောက်ထားနိုင်သူများ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ပြီး၊ အကောက်ခွန်သက်သာ/ကင်းလွတ်ခွင့်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာနိုင်ငံသို့ စက်မှုထုတ်ကုန် တင်ပို့ရောင်းချသော ပို့ကုန်လုပ်ငန်းရှင်သည် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ် (Certificate of Product Registration) ကို လျှောက်ထားနိုင်သည်။

**မလျှောက်ထားမီ စစ်ဆေးခြင်း**

၂။ ကုန်တင်ပို့သူသည် တင်ပို့ကုန်စည်၏အမျိုးအစားဖော်ပြချက်နှင့် HS Code ကိုအကောက်ခွန်ဦးစီးဌာန၊ HS Section တွင် ကြိုတင်၍ စစ်ဆေးရပါမည်။

၃။ စက်မှုထုတ်ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံထွက်ကုန်ပစ္စည်းဖြစ်ကြောင်း စစ်ဆေးခံနိုင်ရန်နှင့်မှတ်ပုံတင်နိုင်ရန်အတွက်လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ စက်မှုဝန်ကြီးဌာန၊Cost Sheet စိစစ်ပေးရေးနှင့် ထောက်ခံချက်ပေးရေးအဖွဲ့ထံသို့ လျှောက်လွှာတင်ရမည်။

၄။ စက်မှုဝန်ကြီးဌာနသို့ မလျှောက်ထားမီ အထောက်အထား စာရွက်စာတမ်းများကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကနဦးစိစစ်ပေးမည် ဖြစ်ပြီး၊ အချက်အလက်ပြည့်စုံပါက Cost Sheet စိစစ်ရေးနှင့် ထောက်ခံချက်ပေးရေးအဖွဲ့ထံသို့ ဆက်လက်ပေးပို့ပါမည်။

**Certificate of Product Registration လျှောက်ထားရာတွင် တင်ပြရမည့်စာရွက်စာတမ်းများ**

၅။ လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) ညွှန်ကြားရေးမှူးချုပ်သို့ လိပ်မူ၍ စက်မှုထုတ်ကုန်အား မှတ်ပုံတင်ခွင့်ပြုပါရန် ကုမ္ပဏီ letter head ပါလျှောက်လွှာ။

(ခ) ကုန်ပစ္စည်းဓါတ်ပုံနှင့် ထုတ်လုပ်မှုအဆင့်ဆင့်ဖော်ပြချက်။

(ဂ) ကုန်ကြမ်းများနှင့် ကုန်ချော၏ HS Code ဖော်ပြချက်။

(ဃ) ကုန်စည် ၁ ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်။

(င) ကုန်ကြမ်းများအတွက်သွင်းကုန်ကြေငြာလွှာ (မိတ္တူ)/ပြည်တွင်းဝယ်ယူပါက ပြေစာ။

(စ) Invoice (မိတ္တူ)/ Packing List (မိတ္တူ) ။

(ဆ) မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းထောက်ခံချက် (မိတ္တူ) ။
(မှတ်ချက် * ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်းအတွက်)

(ဇ) ပို့ကုန်လိုင်စင် (မိတ္တူ) /ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ) ။

(ဈ) Bill of Lading (မိတ္တူ) ။

(ည) လုပ်ငန်းရှင်စိစစ်ရေးကဒ် (မိတ္တူ)/ Form-XXVI (မိတ္တူ) ။

မှတ်ချက်။ ။စာရွက်စာတမ်းများပေါ်တွင် Form-XXVI ပါ မန်နေဂျင်းဒါရိုက်တာ (သို့) ဒါရိုက်တာတစ်ဦးဦးမှ မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရမည်။

၆။ အဆိုပါအဖွဲ့မှ ထောက်ခံချက်ရရှိပါက ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကုန်စည် ၁ ယူနစ်အတွက် တစ်နှစ်သက်တမ်းရှိသည့် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ် (Certificate of Product Registration) ကို ခွင့်ပြုထုတ်ပေးပါမည်။

၇။ ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်ကို ကုန်စည်မတင်ပို့မီ (၁) ပတ်အလိုတွင် လျှောက်ထားနိုင်သည်။ ကုန်စည်မတင်ပို့မီ ကြိုတင်လျှောက်ထားပါက တင်ပို့ပြီးသည့်နောက် စာရွက်စာတမ်းအထောက်အထားများကို မပျက်မကွက် ပြန်လည်တင်ပြရမည်။